**KAREN RIVERS WATCH**

ကညီတၢ်ကွၢ်ထွဲကပၢ်ကယၢ်ထံကျိထံကွၢ်

**ကရင်မြစ်ချောင်းများကွန်ရက် (သတင်းထုတ်ပြန်ကြေငြာချက်)**

<u>ပြည်ပြည်ဆိုင်ရာမြစ်ချောင်းထိန်းသိမ်းရေးနှင့်ရေကာတာဆန့်ကျင်ရေးနေ့</u>

**စနေနေ့၊ မတ်လ ၁၄ ရက်၊ ၂၀၁၅**

## သံလွင်မြစ်နှင့် တိုင်းရင်းသားဒေသများရှိ ရေကာတာစီမံကိန်းများ အားလုံးကို ချက်ချင်းရပ်တန့်ရန်တောင်းဆိုခြင်းနှင့် စီမံကိန်းတည်ဆောက်မည့်နေရာတွင် ဆန္ဒထုတ်ဖေါ်ခြင်း

ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများ ထိန်းသိမ်းရေးနှင့် ရေကာတာဆန့်ကျင်ရေးနေ့တွင် ကရင်မြစ်ချောင်းများကွန်ရက်မှ ၎င်း၏တောင်းဆိုချက်ဖြစ်သော ကရင်ပြည်နယ်အတွင်းရှိ ရေကာတာစီမံကိန်းအားလုံးကို ချက်ချင်းရပ်တန့်ပါ ဆိုသည့်အချက်ကို ယခုတဖန်ထပ်မံတောင်းဆို လိုက်ပါသည်။

ယနေ့တွင် ကရင်မြစ်ချောင်းများကွန်ရက်သည် သံလွင်ရေကာတာစီမံကိန်း တည်ရှိရာနေရာတွင် ဒေသခံများနှင့်အတူ ပူးပေါင်းဆန္ဒထုတ်ဖေါ်ပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းအတွင်းရှိ တိုင်းရင်းသားဒေသ (သို့မဟုတ်) မကြာသေးသော ကာလကမှ တိုက်ပွဲ (သို့မဟုတ်) ပဋိပက္ခများဖြစ် ပွားခဲ့သောဒေသအတွင်းတွင် ရေကာတာစီမံကိန်းများ အကောင်အထည် ဖေါ်ရန်အတွက် မြန်မာနိုင်ငံအစိုးရက စီစဉ်လျက်ရှိသည်။

အဆိုပါရေကာတာစီမံကိန်းများနှင့်ပတ်သက်ပြီး စိုးရိမ်ဖွယ်ရာအချက်များစွာရှိရာတွင် အောက်ပါအချက်များပါဝင်သည်။

- ရေကာတာစီမံကိန်းချမှတ်ထားရာနေရာကို ထိန်းချုပ်နိုင်ရန်အတွက် မြန်မာစစ်တပ်မှ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်များအား ချိုးဖေါက်နေခြင်းကြောင့် ယခုတည်ဆောက်နေသော ငြိမ်းချမ်းရေးဖေါ်ဆောင်မှုကိုထိခိုက်ခြင်း။
- ဒေသခံလူထုနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ၎င်းတို့၏သဘောတူညီမှုကို ရယူခြင်းနှင့် လိုအပ်သော သတင်းအချက်အလက်များကို ပြည်သူအားချပြမှုများ မရှိခြင်း။
- ရေကာတာစီမံကိန်းကြောင့် ဆယ်စုနှစ်အဆက်ဆက်ပြည်သူများ အသက် အိုးအိမ် ဆုံးရှုံးပြီး ပြောင်းရွှေ့နေထိုင်ရခြင်းနှင့် လျော်ကြေးတစ်စုံတစ်ရာမရဘဲ မြေယာများဆုံးရှုံးခြင်း။
- ဒေသသဘာဝပတ်ဝန်းကျင်အား ဖျက်ဆီးခြင်း။
- ရေကာတာစီမံကိန်း တည်ရှိရာဒေသ အနီးတစ်ဝိုက်ကို ထိန်းချုပ်နိုင်ရန်အတွက် မြန်မာစစ်တပ်မှ စစ်စခန်းများတိုးချဲ့ချထားခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်များအပေါ် ထိုးစစ်ဆင်ခြင်းများနောက် လိုက်ပါလာသော နောက်ဆက်တွဲ လူ့အခွင့်အရေး ချိုးဖေါက်မှုများဖြစ်ပွားခြင်း။

- ရေကာတာစီမံကိန်းများမှရရှိမည့်လျှပ်စစ်စွမ်းအင်အများစုမှာ မြန်မာပြည်သူများအတွက်မဟုတ်ဘဲ အခြားနိုင်ငံအတွက်သာဖြစ်ခြင်း။
- ရေကာတာစီမံကိန်းမှရရှိသောအကျိုးအမြတ်များကို ဗဟိုအစိုးရကသာ ရယူခံစားပြီး ပြည်သူ့အကျိုးအတွက်ပြန်လည်အသုံးချခြင်းထက် မြန်မာစစ်တပ်တောင့်တင်းခိုင်မာအင်အားရှိဖို့အတွက်သာ ပြန်လည်အသုံးချခြင်း။
- ရေကာတာစီမံကိန်းလုံခြုံရေးအတွက် တိုးချဲ့ချမှတ်သောစစ်တပ်များမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာလူ့အခွင့်အရေးချိုးဖေါက်မှုနှင့် မုဒိမ်းမှု စိုးရိမ်စရာများ ပိုမိုကြီးမားလာခြင်း။
- မြေငလျင် (သို့မဟုတ်) ရေကြီးမှုများကြောင့်ဖြစ်လာနိုင်သည့် ရေကာတာပြိုကျနိုင်သောအန္တရာယ်များတည်ရှိနေခြင်း။
- မြန်မာပြည်သူများလိုအပ်နေသောလျှပ်စစ်ဓါတ်အားကို ထုတ်ယူဖြန့်ဖြူးပေးရာတွင် ရေကာတာစီမံကိန်းများသည် အသင့်တော်ဆုံးနှင့် ငွေကြေးကုန်ကျမှု နည်းသောအရာမဟုတ်ခြင်း၊ သဘာဝ ပတ်ဝန်းကျင်ရှုထောင့်အရ ရေရှည်တည်တန့်သော လျှပ်စစ်ဓါတ်အား ထုတ်လုပ်ပေးနိုင်မှုမရှိခြင်း။

ထို့ကြောင့် ကရင်မြစ်ချောင်းစောင့်ကြည့်ရေးအဖွဲ့မှ ရေကာတာစီမံကိန်းအားလုံးကို ဆိုင်းငံ့ထားရန် တောင်းဆိုပါသည်။ နိုင်ငံရေးပဋိပခများပြေငြိမ်းခြင်းအပေါ်အခြေခံသော စစ်မှန်သည့်ငြိမ်းချမ်းရေးမရရှိသေးသရွေ့ ကရင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများတွင် မည်သည့် အကြီးစားစီမံကိန်းကိုမှ အလုပ်သင့်ပါ။ မည်သည့်စီမံကိန်းမဆို သက်ဆိုင်ရာ ဒေသခံပြည်သူများနှင့်တွေ့ဆုံတိုင်ပင်ညှိနှိုင်းခြင်း၊ ၎င်းတို့၏ သဘောတူညီမှုများရယူခြင်းများရှိရမည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စွမ်းအင်လိုအပ်မှုအခြေအနေအား ရေရှည်ကိုကြည့်ပြီး တန်းတူညီမျှစွာ လက်တွေ့ကျကျဖြင့် စနစ်တကျ လေ့လာသုံးသပ်မှုများပြုလုပ်ရမည်။ ထိုသို့ပြုလုပ်ရာတွင်လည်း မြို့ပြပြည်သူများသာ မဟုတ်ဘဲ မြန်မာနိုင်ငံပြည်သူ အားလုံးအတွက် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ရေရှည်တည်တန့်သော စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးပေးမှုကို မည်သို့ ပြုလုပ်နိုင်သည်အပေါ်အခြေခံရမည်။

ရေကာတာစီမံကိန်းကို ဆန့်ကျင်သောသူများနှင့် အခြားသော အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကို ဆန့်ကျင်နေသောသူများ၏ အခွင့်အရေးပိုင်းဆိုင်ရာ အာမခံချက်များ မြန်မာနိုင်ငံတွင် ရှိရန်လိုအပ်သည်။ မည်သို့ပင်ဖြစ်စေ ယနေ့မြန်မာနိုင်ငံတွင် ရေကာတာစီမံကိန်းကို ဆန့်ကျင်နေသော သူများသည် အချိန်မရွေး အဖမ်းခံရနိုင်ပြီး ထောင်ကျနိုင်သည့် အလားအလာများ ရှိနေဆဲဖြစ်ပါသည်။

**<u>ဆက်သွယ်ရန်</u>**

စောသာဘိုး (မြန်မာ၊ ကရင်) +၉၅(၀) ၉၂၅၄၈၈၆၅၈၂
စောအဲလက်စ် (မြန်မာ၊ ကရင်၊ အင်္ဂလိပ်) +၆၆(၀) ၈၁၃၈၆၉၉၂၅/ +၉၅(၀) ၉၂၅၄၂၀၇၈၄၂